# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 4 , 2022 Volume 57, Number 4


| ၄.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၄၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၅၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၄.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၃၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မော်တောင်-ဆင်းခွန်နယ်စပ်ဂိတ် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သော်လည်း ထိုင်းဘက်က ကန့်သတ်မှုများလုပ်ထားသည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲဖြစ်နေ


https://news-eleven.com/article/235075

မော်တောင်-ဆင်းခွန် နယ်စပ်ဂိတ်ကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သော်လည်း ထိုင်းဘက်မှ ကန့်သတ်မှုများ ပြုလုပ်ထားသည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲဖြစ်နေကြောင်းသိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မော်တောင်မြို့တွင် ဖွင့်လှစ်ထားသော မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှုပြန်လည်စတင်ရန် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင် ဆင်းခွန်အထူးယာယီနယ်စပ်ဂိတ်မှ ဩဂုတ် ၁ ရက်က ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံက COViD-19 အခြေအနေများကြောင့် မတ်လမှစတင်ကာ ပိတ်ထားသည့် အဆိုပါနယ်စပ်ဂိတ်အား ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ကုန်စည်ဖြတ်သန်းမှုကို ပထမအဆင့်ဖြင့် ဆောင်ရွက်လာခြင်းဖြစ်ကြောင်းသိရသည်။ “ဩဂုတ် ၁ ရက်မှာ ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင်မှာ အစည်းအဝေးလုပ်တယ်။ မြန်မာနိုင်ငံဘက်က ကုန်သည်တွေနဲ့ တာဝန်ရှိသူတွေ တက်ရောက်ကြတယ်။ ဒါပေမဲ့ ထိုင်းနိုင်ငံက သူတို့လိုအပ်ချက်ကိုပဲ အဓိကထားပြောခဲ့တယ်။ မြန်မာဘက်က ပြန်လည်ဆွေးနွေးမှုအလွန်နည်းခဲ့ပြီး နားထောင်မှုတွေပဲလုပ်နေတယ်။ ကိုယ့်နိုင်ငံက ကုန်သည်တွေရဲ့ လိုအပ်ချက်အခက်အခဲတွေကို တင်ပြဆွေးနွေးတာမျိုးမရှိကြဘူး။ ဒါကြောင့် ထိုင်းဘက်က ကုန်စည်ကန့်သတ်မှုတွေ ချမှတ်တာကိုလက်ခံပြီး ပြန်လာရသလိုမျိုးဖြစ်နေတယ်။ ထိုင်းဘက်က လူနေမှုဘဝမှာ နေ့စဉ်လိုအပ်တဲ့ကုန်စည်တွေကို အဓိကထားကုန်သွယ်မယ်။ ကိုဗစ်ကာလတုန်းက ကန့်သတ်ထားတဲ့အတိုင်း လုပ်ဆောင်မယ်လို့ပြောခဲ့တယ်” ဟု မြန်မာ-ထိုင်းကုန်သွယ်မှု အစည်းအဝေးသို့ တက်ရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

ကုန်ပစ္စည်းတချို့ ကန့်သတ်လိုက်သည့်အတွက် မြိတ်ခရိုင်၏ အဓိကထွက်ကုန်ဖြစ်သော ရေထွက်ပစ္စည်းများ တင်ပို့ရန်အခက်အခဲဖြစ်သွားကြောင်းသိရသည်။ ကန့်သတ်ထားရာတွင် ရေခဲစိမ်နှင့်ရေထွက်ပစ္စည်းတချို့ (ဥပမာ ကင်းမွန်၊ ပလာတူးနှင့် ငါးတချို့) ပါဝင်နေကြောင်း သိရသည်။

“အေးခဲတွေကိုတော့ ကုန်သွယ်ခွင့်ပေးတယ်။ ကုန်သည်တွေအနေနဲ့ Invoice/packing list အပြည့်အစုံကို ပရာကျွတ်ခီရီခံခရိုင်ဝန်ရုံးမှာ အစိုးရရုံးဖွင့်ရက်တွေမှာ တစ်ရက်ကြိုတင်အကြောင်းကြား ခွင့်ပြုချက်ယူရမယ်။ နောက်ပြီးတော့ ကုန်စည်ပို့တဲ့အခါမှာ ယာဉ်မောင်းတစ်ဦးသာ လိုက်ပါလာရမှာဖြစ်ပြီး အဲဒီယာဉ်မောင်းက PPE သို့မဟုတ် မိုးကာ၊ လက်အိတ်တွေ၊ Mask ၊ ဦးထုပ်တွေ ဝတ်ဆင်ထားရမယ်လို့ပြောပါတယ်။ မြန်မာအလုပ်သမားတွေကို အသုံးပြုခွင့်မပေးပါဘူး။ ထိုင်းနိုင်ငံသား အလုပ်သမားတွေကိုပဲသုံးမှာပါ။ အဲဒီတော့ ကုန်စည်ပိုင်ရှင် (သို့) ကိုယ်စားလှယ်က လိုက်ပါခွင့်မရှိတဲ့အတွက် ကုန်စည်အလျော့အတင်း၊ ပေးတဲ့ဈေးနှုန်းတွေကို ညှိမရတာ၊ ရေ ထွက်ကုန်တွေ ပို့မရတာတွေ မြန်မာနိုင်ငံသားတွေ အလုပ်မရတာတွေ ကြုံနေရတယ်” ဟု ကုန်သွယ်မှုပြုလုပ်နေသူတစ်ဦးကဆိုသည်။

ထိုင်းနိုင်ငံအနေဖြင့် နေ့စဉ်လိုအပ်နေသည့် ကုန်စည်များကိုသာ အဓိကဝယ်ယူနေသော်လည်း ကန့်သတ်မှုများ လုပ်ဆောင်နေသည့်အတွက် ကုန်သည်များအခက်အခဲဖြစ်နေကြောင်း သိရသည်။

**Source:** https://news-eleven.com/article/235075

## အာလူးဈေးအနည်းငယ် ကျဆင်းလာသော်လည်း ယခင်နှစ်များကထက် ဈေးနှုန်းပိုမိုရရှိနေ


https://www.myawady.net.mm/node/28846

ရန်ကုန်ဈေးကွက်အတွင်း အာလူးဈေး အနည်းငယ်ကျဆင်းလာသော်လည်း ယခင်နှစ်များကထက် ဈေးနှုန်းပိုမိုရရှိနေကြောင်း အာလူးစိုက်ပျိုးရောင်းချသူများ၏ ပြောပြချက်အရ သိရသည်။

လတ်တလောတွင် အောင်ပန်းအာလူး တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀ မှ ၁၄၀၀ ဝန်းကျင်အထိရှိပြီး တရုတ်အာလူးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ဝန်းကျင် အထိရှိသည်။ “ပြည်ပက အာလူးအဝင်များခဲ့ပြီး ပြည်တွင်းကလည်း ထွက်နေတော့ ဈေးဆက်တိုက်ကျဆင်းလာတာပါ။ ဒီနှစ်အစောပိုင်းက တစ်ပိဿာကို ငွေကျပ် ၂၀၀၀ အောက် ဈေးရခဲ့ပါတယ်”ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။


ပြီးခဲ့သည့်နှစ်များက အာလူးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၈၀၀ ဝန်းကျင်အထိသာ ဈေးနှုန်းရရှိခဲ့သောကြောင့် လျှော့ချစိုက်ပျိုးခြင်းများ ရှိခဲ့သော်လည်း ယခုနှစ်တွင် ပြန်လည်စိုက်ပျိုးသူများရှိလာကြောင်း သိရသည်။ “ဒီနှစ်အာလူးဈေးက အရင်နှစ်တွေထက် ဈေးကောင်းခဲ့တော့ ပြန်စိုက်တဲ့သူလည်းများလာပါတယ်။ ဒါပေမဲ့ သွင်းအားစုစရိတ်တွေ မြင့်လာတော့ အရင်တုန်းကလိုမျိုး ပုံမှန်မရှိနိုင်လောက်ဘူး” ဟု ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်းတယမြို့နယ်မှ အာလူးစိုက်ပျိုးသူတစ်ဦးက ပြောသည်။

မြန်မာ့အာလူးစိုက်ဧရိယာ၏ ၇၅ ရာခိုင်နှုန်းကျော်ကို ရှမ်းပြည်နယ်၌စိုက်ပျိုးပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးစသည့် ဒေသတို့တွင်လည်း စိုက်ပျိုးကြကာ မိုးအာလူးကို မတ်၊ ဧပြီနှင့် ရေအာလူးကို ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့တွင် စိုက်ပျိုးလေ့ရှိကြောင်း၊ စကအာလူးကို ဇူလိုင်၊ ဩဂုတ်နှင့် ဆောင်းအာလူးကို အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးသည့် နေရာဒေသအလိုက် စိုက်ပျိုးနည်းများ ကွာခြားလေ့ရှိပြီး ရှမ်းပြည်နယ်၌ ရေသွင်းစိုက်နည်းနှင့် ကုန်းစိုက်အာလူးနှစ်မျိုးရှိကာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ယာမြေအာလူး၊ ရေကျကျွန်းအာလူးနှင့် သဲသောင်ခုံအာလူးများ စိုက်ပျိုးလေ့ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/28846

## ဗီယက်နမ်က မြန်မာအပါအဝင် ၅ နိုင်ငံကို သကြားအခွန်ပြဋ္ဌာန်း



https://www.foodindustrydirectory.com.mm

ဗီယက်နမ်က ပြည်တွင်းသကြားလုပ်ငန်းကဏ္ဍကို အကာအကွယ်ပေးဖို့ နောက်ထပ်ငါးနိုင်ငံမှ သကြားထွက်ကုန်များအပေါ် အခွန်စည်းကြပ်မှာဖြစ်ပါတယ်။

ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာနိုင်ငံတို့မှ တင်သွင်းသော သကြားထွက်ကုန်များအတွက် အခွန်စည်းကြပ်ဖို့ ဆုံးဖြတ်ချက်အမှတ် ၁၅၁၄ ကို ဩဂုတ် ၂ ရက် နံနက်တွင် ထုတ်ပြန်ခဲ့ကြောင်း စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနMinistry of Industry and Trade (MoIT)မှ သတင်းထုတ်ပြန်ထားပါတယ်။

ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာ ကတိကဝတ်များနှင့်အညီ ဓမ္မဓိဋ္ဌာန်ကျကျ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုအပေါ်အခြေခံ၍ "ကုန်သွယ်မှုရှောင်လွှဲခြင်း တားဆီးကာကွယ်ရေးအစီအမံများ ကျင့်သုံးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၁၅၁၄" ကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း MoIT မှ အတည်ပြုခဲ့ပါတယ်။

လက်ရှိမှာ ထိုင်းနိုင်ငံထံမှတင်သွင်းတဲ့ သကြားထုတ်ကုန်များကို ဗီယက်နမ်က အခွန် ၄၇.၆၄ % စည်းကြပ်ပါတယ်။ ပြည်တွင်းသကြားလုပ်ငန်းများကို အကာအကွယ်ပေးဖို့အတွက် anti-dumping tax အနေဖြင့် ၄၂.၉၉% ၊ anti-subsidy tax အနေဖြင့် ၄.၆၅% ၊ စုစုပေါင်း အခွန် ၄၇.၆၄ % စည်းကြပ်ပါတယ်။

အခွန်စည်းကြပ်တာကို ရှောင်လွှဲဖို့အတွက် ထိုင်းသကြားကို အိမ်နီးနားချင်းနိုင်ငံများသို့ အရင်တင်ပို့ပြီးမှ ၎င်းနိုင်ငံကို မူရင်းမူလနိုင်ငံအဖြစ် ကြေညာကာ ထိုင်းသကြားကို ဗီယက်နမ်သို့ ပေးပို့ပါတယ်။ MoIT မှ ထုတ်ပြန်ချက်မှာ ပြည်တွင်းကုန်ထုတ်လုပ်ငန်း၊ ပြည်ပကုန်ထုတ်လုပ်ငန်းနှင့် တင်ပို့ရောင်းချသည့် လုပ်ငန်းများ၊ သွင်းကုန်လုပ်ငန်းများနှင့် ကျွမ်းကျင်အာဏာပိုင်များအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ရရှိခဲ့တဲ့ သတင်းအချက်အလက်နှင့် သဘောထားအမြင်များအပေါ် အခြေခံ၍ စုံစမ်းလေ့လာမှုမှ အဆုံးအဖြတ်ပြုခဲ့သည်မှာ ထိုင်းနိုင်ငံမှထုတ်လုပ်တင်ပို့သော ကြံသကြား ထုတ်ကုန်များကို ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ လုပ်ငန်းရှင်များက ဗီယက်နမ်နိုင်ငံသို့ တင်ပို့နေကြတာဖြစ်နေတယ်လို့ ဆုံးဖြတ်ပါတယ်။ သို့ဖြစ်ရာ ထိုင်းသကြားထုတ်ကုန်များအပေါ် အခွန်စည်းကြပ်တဲ့နည်းတူ အဆိုပါနိုင်ငံများကိုလည်း အခွန် ၄၇.၆၄ % စည်းကြပ်မှာဖြစ်ပါတယ်။ "ဒီငါးနိုင်ငံကနေ တင်သွင်းလာတဲ့သကြားတွေဟာ ပြည်တွင်းမှာ စိုက်ပျိုးတဲ့ကြံကနေ ထုတ်လုပ်ကြောင်း သက်သေပြနိုင်ရင် သူတို့ရဲ့ သကြားထွက်ကုန်တွေကို အခွန် ၄၇.၆၄ % စည်းကြပ်မှာမဟုတ်ဘူး"လို့ MoIT က ဆိုပါတယ်။ ယခုကြေညာချက်ကို ၂၀၂၂ ဩဂုတ်လ ၇ ရက်မှ ၂၀၂၆ ဇွန်လ ၁၅ ရက်အထိ သက်ရောက်မှာဖြစ်ပါတယ်။

ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်း COMTRADE မှ ထုတ်ပြန်တဲ့အချက်အလက်များအရ ၂၀၂၁ ခုနှစ်မှာ မြန်မာနိုင်ငံက ဗီယက်နမ်နိုင်ငံသို့ သကြားနှင့်သကြားထုတ်ကုန်များ စုစုပေါင်းတန်ဖိုး ကန်ဒေါ်လာ ၆၆.၁၃ သန်း တင်ပို့ခဲ့ပါတယ်။

**Source:sggpnews**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4768-vietnam-imposes-sugar-tax-on-5-countries-including-myanmar.html

## ကြေးသွန်းရုပ်လုံးရုပ်ကြွပန်းချီကားများကို ဝယ်ယူမှုများသဖြင့် ပြုလုပ်ပေးနေရ

ဆန်းသစ်သည့် ရိုးရာပန်းတည်းနှင့် ပန်းချီပညာတို့ကို ပေါင်းစပ်ဖန်တီးထားသည့် ကြေးသွန်းရုပ်လုံး ရုပ်ကြွပန်းချီကားများ ပန်းချီဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများသဖြင့် ပြုလုပ်ပေးနေရကြောင်း အဆိုပါ ကြေးသွန်းရုပ်လုံး ရုပ်ကြွပန်းချီကားများကို ဖန်တီးရေးဆွဲနေသူ ဦးသာစုက ပြောပြ၍သိရသည်။



Source: ရတနာပုံသတင်းစာ

ဦးသာစုသည် မြန်မာ့ရိုးရာကြေးသွန်းဖောင်းကြွနည်းပညာနှင့် ပန်းချီပညာတို့ကို ပေါင်းစပ်ထားသည့် ကြေးသွန်းရုပ်လုံးရုပ်ကြွပန်းချီကားများကို ၁၉၈၇ ခုနှစ်မှ ယနေ့(ဩဂုတ်-၃)ထိ စဉ်ဆက်မပြတ် ဖန်တီးတီထွင်နေသူတစ်ဦး ဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဦးသာစု၏ ကြေးသွန်းရုပ်လုံးရုပ်ကြွ ပန်းချီကားများနှင့် ကြေးသွန်းရုပ်လုံးရုပ်ကြွ ဖန်တီးမှုများကို ပြည်တွင်း၊ ပြည်ပက ဝယ်ယူစုဆောင်းသူများသဖြင့် ယနေ့(ဩဂုတ်-၃)ထိ ဖန်တီးတီထွင်မှုများ ပြုလုပ်ပေးနေရကြောင်း သိရသည်။

"အမှန်တော့ ကျွန်တော်က ကြေးသွန်းပေ့ါနော်။ ပန်းတဉ်းလိုင်းမှာလဲ အမျိုးအဆွေးရယ်လို့မရှိသလို ပညာရှိလဲ မဟုတ်ပါဘူး။ မိရိုးဖလာလဲ မသွားချင်တော့ ဆန်းသစ်တီထွင်ကြည့်တာပေ့ါ။ တစ်ခြမ်းဖောင်းလို့ခေါ်တဲ့ ကြေးသွန်းရုပ်ကြွတွေကို ပန်းချီဟန်နဲ့ သွားတာကိုစလုပ်ဖြစ်တယ်။ စလုပ်တော့ ကျွန်တော်က Idea ပဲရှိတာ တကယ်ကြေးသွန်း ရုပ်ကြွပန်းချီကား တစ်ချပ်ဖြစ်လာဖို့က တကယ်ကျွမ်းကျင်သူတွေနဲ့ ပေါင်းစပ်လုပ်ရတယ်။ ကြေးရုပ်ကြွပန်းချီကားတွေက အဲဒီခေတ်က ဟိုတယ်မိုတယ်တွေဖွင့်စဆိုတော့ ဒီဟာလေးကထူးခြားနေတော့ အားပေးကြတယ်။ အဲဒီကနေ ဇာတ်တော်ကြီး ရုပ်လုံးရုပ်ကြွ ပန်းချီကားတွေက ဒီနေ့(ဩဂုတ်-၄)ထိ ဈေးကွက်ရှိနေတယ်" ဟု ဦးသာစုက ပြောပြသည်။

ဈေးကွက်အတွင်း ကြေးသွန်းရုပ်လုံးရုပ်ကြွ ပန်းချီကားများအနက် ရာမယနဇာတ်တော်ကြီး ပန်းချီကားမှာ ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ ယနေ့(ဩဂုတ်-၄)ထိ နှစ်စဉ် အချပ် ၂၀ ခန့်ထိ ပြည်တွင်း၊ ပြည်ပက ဝယ်ယူသူများအတွက် ပြုလုပ်နေရကြောင်း၊ ကြေးသွန်းရုပ်လုံးရုပ်ကြွပန်းချီကားများမှာ (၁၂ x ၁၂) လက်မ အရွယ်အစားမှ ပေ(၂၀ x ၄၀) အရွယ်အစားထိရှိပြီး ဈေးနှုန်းမှာလည်း ငွေကျပ် ၅၀၀၀၀ မှ သိန်း ၅၀၀ ထိရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် မီးထွင်းပန်းချီ စတီးကိုယ်ထည် ဝါးသောက်ရေခွက်များ ဝယ်ယူသူများပြားနေ



Source: ရတနာပုံသတင်းစာ

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် မီးထွင်းပန်းချီပါ စတီးကိုယ်ထည် ဝါးသောက်ရေခွက်များ ဝယ်ယူသူများပြားနေကြောင်း ပဲခူးမြို့နယ် ရွှေမော်ဓောစေတီတော်ဝင်းအတွင်းရှိ ခေတ်ဆန်းအမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်မှ မန်နေဂျာ ဦးသာဦးက ပြောပြ၍ သိရသည်။

အဆိုပါ မီးထွင်းပန်းချီလက်ရာပါရှိသည့် စတီးကိုယ်ထည်နှင့် ဝါးသောက်ရေခွက်များမှာ အရွယ်အစားအနေဖြင့်ပြုလုပ်ထားသည့် ကိုယ်ထည်ပေါ်တွင် မီးဖြင့်ထွင်းထားသည့် တစ်ကြောင်း ပန်းချီရေးဆွဲထားကာ ဆေးသားသွင်းထားကြောင်း သိရသည်။

"သူက ဝါးသောက်ရေခွက်ဆိုပေမဲ့ အတွင်းမှာက အပူကော၊ အအေးကော ထိန်းထားနိုင်တဲ့စတီး ကိုယ်ထည်ပါတယ်။ ဝါးကိုယ်ထည်မှာ တစ်ကြောင်းပန်းချီပါလို့ ဆန်းသစ်တဲ့ပုံစံဆိုတော့ လူစိတ်ဝင်စားတာ လဲပါတယ်။ ဝါးအသုံးအဆောင်တွေက ဈေးကွက်ရှိပြီးသားမှာ သူက ခေတ်မီအောင်ထုတ်လုပ်ထားတဲ့အတွက် ဈေးကွက်အသစ်ဖောက်လာတဲ့ သဘောပါပဲ။ ဈေးနှုန်းကလဲ ငွေကျပ် ၁၅၀၀၀ လောက်ပဲဆိုတော့ ရောင်းရတယ်" ဟု မန်နေဂျာ ဦးသာဦးက ပြောပြသည်။

အဆိုပါ မီးထွင်းပန်းချီလက်ရာပါသည့် စတီးကိုယ်ထည်နှင့် ဝါးသောက်ရေခွက်များမှာ ဈေးကွက်အတွင်းသို့ ဩဂုတ် ၁ ရက်မှစတင်ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်ဝင်သည့်နေ့တွင် ၁၅ လုံးခန့် ရောင်းချရကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ယခုနှစ် ပထမခုနှစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့မှုမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ၈၉ သန်း ဝင်ငွေရရှိခဲ့

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမခုနှစ်လတာကာလအတွင်း(ဇန်နဝါရီလမှ ဇူလိုင်လအတွင်း) တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၁၆၉၇၆၆ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၈၉ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယား နိုင်ငံ ဆန်စပါးအသင်းချုပ်က ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂပြီးလျှင် ကမ္ဘောဒီးယားနိုင်ငံမှဆန်ကို အများဆုံးဝယ်ယူသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့မှုသည် ကမ္ဘောဒီးယားနိုင်ငံက ဇန်နဝါရီလမှဇူလိုင်လအတွင်း ဆန်စပါးတင်ပို့မှု စုစုပေါင်း၏ ၄၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံးသော ဆန်စပါးဈေးကွက်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသို့ ဆန်စပါးအများအပြား ပိုမိုတင်ပို့နိုင်ရန်လည်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဆောင်းဆာရန်ကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမခုနှစ်လတာကာလအတွင်း နိုင်ငံနှင့်ဒေသပေါင်း ၅၆ ခုသို့ ဆန်စပါးတန်ချိန် ၃၅၀၉၀၂ တန် တင်ပို့ခဲ့ကြောင်းလည်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်က ပြောကြား သည်။

**Source: ကြေးမုံ**

## STOCK EXCHANGE (4.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,200 | 7,200 | 7,000 | 599 | 4,195,100 | 33,109,694 | 235,079 |
| MTSH | 00002 | 2,500 | +50 | +2.04% | 2,450 | 2,550 | 2,450 | 2,399 | 6,053,100 | 38,929,150 | 97,323 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 4 | 28,000 | 10,400,986 | 72,807 |
| FPB | 00004 | 17,500 | +0 | +0.00% | 18,000 | 18,000 | 17,500 | 54 | 946,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 16 | 39,200 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

### Market summary

As of 4th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 333.43 | +1.12 | +0.34% | 334.92 | 337.16 | 332.23 | 3,072 | 11,261,900 | 7 | 580,037 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 4th Aug. 2022

| MYANPIX | 333.43 ▲ 1.12 |
|---|---|
| Total Volume (shares) | 3,072 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 580,037 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 2,500 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR